# ပြုပြင်ပြောင်းလဲခြင်း၏သူရဲကောင်းများ





အလွတ်ကျမ်းချက်။ ။ ဗျာဒိတ်ကျမ်း ၂း၁၀
“သင်သည်ခံရမည့်အရာ တစ်စုံတစ်ခုကိုမျှ မကြောက်နှင့်။ သင်တို့သည် စုံစမ်းခြင်းကိုခံရမည်အကြောင်း၊ မာရ်နတ်သည် သင်တို့တွင် အချို့ကို ထောင်ထဲ၌ လှောင်ထား၍၊ သင်တို့သည်… ဆင်းရဲဒုက္ခကိုခံရကြလိမ့်မည်။ သေသည်တိုင်အောင် သစ္စာစောင့်လော့။ သို့ဖြစ်လျှင်၊ အသက်သရဖူကို ငါပေးမည်။”



## တနင်္ဂနွေနေ့ | ဝစ်ကလစ်၏ဩဇာလွှမ်းမိုးမှု ၁

ဂျွန်ဝစ်ကလစ် (John Wycliffe) သည် သမ္မာကျမ်းစာကို လူတို့အား ပြန်လည်ထူထောင်ရန် ဘုရားသခင်ထမြောက်စေခဲ့သော အသက်တာရှည်လျားသောသစ္စာရှိသူများထဲတွင် ပထမဆုံးဖြစ်သည်။ သူ၏ဩဇာလွှမ်းမိုးမှုသည် သူသေဆုံးပြီးနောက် ကြာရှည်စွာဆက်လက်တည်ရှိခဲ့သည်။ အချို့က အင်္ဂလန်ဘုရင်မအန်နီ (Anne) သည် သူ၏ သွန်သင်ချက်များသို့ ပြောင်းလဲသွားသည်ဟု ယုံကြည်ခဲ့ကြသည်။ သူမ၏ တရားရုံးအဖွဲ့ဝင်များသည်လည်း ပြောင်းလဲခဲ့သည်၊ သူမသည် ဘိုဟီးမီးယား (Bohemia) မှ မင်းသမီးတစ်ပါးဖြစ်သည့်အလျောက် ပြုပြင်ပြောင်းလဲရေးသမား၏သွန်သင်ချက်များသည် ထိုနိုင်ငံအရှေ့ဘက်သို့ ရောက်ရှိခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။



ဘိုဟီးမီးယားနိုင်ငံ၏မြို့တော်ပရာ့ဂ် (Prague)၌ ဝီကလစ်၏စာပေများကို ဖတ်ရှုစဉ်အမှန်တရားကို ရှာဖွေနေသည့် ရိုးသားသောဘုန်းတော်ကြီး ဂျွန်ဟပ်စ် (John Huss) သည် လှုံ့ဆော်ခြင်းခံခဲ့ရသည်။ ဟပ်စ်သည် ဝစ်ကလစ်၏ ပြုပြင်ပြောင်းလဲရေး တောင်းဆိုမှုကို လက်ခံခဲ့ပြီး၊ မကြာမီ ဂိုဏ်းချုပ်ဘုန်းတော်ကြီးသည် ဟတ်စ်အား အယူမှားသူအဖြစ် ပြစ်တင်ရှုတ်ချခဲ့လေသည်။ အခြားအရာများအပြင်၊ ဟတ်စ်သည် လူအများနားလည်နိုင်သော ဘာသာစကားဖြင့် ဟောပြောခြင်းအတွက်လည်း ပြစ်တင်ရှုတ်ချခြင်းခံခဲ့ရသည်။ ပုပ်ရဟန်းမင်းကြီးက "အနန္တတန်ခိုးရှင် [ဘုရားသခင်] အား သူ၏ဝတ်ပြုကိုးကွယ်ခြင်းကို အမည်မသိဘာသာစကားဖြင့် ကျင်းပသင့်သည်" ဟု ပြောဆိုခဲ့သည်။ သို့သော် ဘုရားသခင် အမှန်တကယ် အလိုရှိသောအရာမှာ ထိုအရာလား။ ကောရိန္သုဩဝါဒစာ ပဌမစောင် ၁၄း၉-၁၁၊ ရှင်မဿဲခရစ်ဝင် ၁၃း၁၉၊ ၂၃။

အမှန်မှာ၊ ပုပ်ရဟန်းမင်းကြီးအား နှစ်သက်သူများတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို နားမလည်နိုင်သောကြောင့်ဖြစ်သည်။ ဟပ်စ်က ပုပ်ရဟန်းမင်း၏အမိန့်ကိုနာခံဖို့ရန်ငြင်းဆန်ခဲ့ပြီး၊ ပုပ်ရဟန်းမင်းကြီးသည် ပရာ့ဂ်မြို့ကို “အမိန့်ပေးမှုအောက်မှာ ရောက်နေသည်” ဟု ကြေငြာခဲ့သည်။ ဆိုလိုသည်မှာ ပုံမှန်အသင်းတော်အမှုများ မဆောင်ရွက်နိုင်ခြင်းဖြစ်သည်။ အယူသီးသူများစွာအတွက်မူ ယင်းသည် အလွန်ဆိုးဝါးသောခြိမ်းခြောက်မှုတစ်ခု ဖြစ်သည်။ သူတို့သည် ဘုန်းတော်ကြီးတစ်ပါး၏ကောင်းချီးမပါဘဲ သေရလျှင် သူတို့ဘယ်တော့မျှကောင်းကင်ဘုံသို့မ ရောက်နိုင်ဟု သူတို့ထင်ခဲ့ကြသည်။

ဟတ်စ်သည် ပရာ့ဂ်မြို့မှခဏထွက်ခွာသွားသော်လည်း၊ အမှန်တရားကိုဆာငတ်၍ သူတို့နားလည်နိုင်သော ဟောပြောသွန်သင်ချက်ကို ကြားချင်သော လူများတို့သည် သူ့ကိုအခြားနေရာများစွာတွင် ကြိုဆိုခဲ့သည်။ ဤအချိန်အတောအတွင်း လူတို့သည် သူ၏ ပြုပြင်ပြောင်းလဲခြင်းသတင်းစကားကို အလွန်လိုအပ်ခဲ့သည်။ နှစ်ပေါင်းသုံးဆယ်ကျော်လုံးလုံး မတူကွဲပြားသော ပုပ်ရဟန်းမင်းကြီး သုံးမျိုး ရှိခဲ့သည်။ သူတို့တစ်ဦးစီသည် ကမ္ဘာပေါ်တွင် ဘုရားသခင့်ကိုယ်စားလှယ်ဖြစ်သည်ဟု ပြောဆိုကြကာ သူတို့၏စကားကို နားမထောင်သူများအား နှိပ်စက်ညှဉ်းပန်းခြင်းနှင့် သေဒဏ်ပေးခြင်းတို့ဖြင့် ခြိမ်းခြောက်ခဲ့ကြသည်။ ကျန်နှစ်ယောက်မှာ မာရ်နတ်မှလာသူဖြစ်သည်ဟု တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ပြောဆိုကြသည်။

ပုပ်ရဟန်းမင်းတစ်ဦးချင်းစီသည် ၎င်းအသင်းတော် အငြင်းပွားမှုကို အင်အားဖြင့် ဖြေရှင်းရန် သူ၏စစ်တပ်ကို မြှင့်တင်ခဲ့သည်။ ထို့နောက် သူတို့၏ရန်သူများကိုသတ်ပေးမည့်သူများအားလုံးကို ကြီးမားသော ဝိညာဉ်ရေးရာကောင်းချီးများပေးမည်ဟု ကတိပေးခဲ့ကြသည်။

**လက်တွေ့ကျင့်သုံးရန်။** အချို့သောသွန်သင်မှုသည် မှန်သည်၊ မှားသည်ဟု ဆုံးဖြတ်ရန်ခက်ခဲပုံရသည့်အချိန်များ ရှိသည်။ မည်သည့်အရာက အမှန်၊ မည်သည့်အရာက အမှား ဟူသည်ကို ကျွန်ုပ်တို့ အဘယ်သို့ သိနိုင်မည်နည်း။ ရှင်မဿဲခရစ်ဝင် ၇း၁၅-၂၀၊ ဟေရှာယအနာဂတ္တိကျမ်း ၈း၂၀။

## တနင်္လာနေ့ | သခင်ယေရှုအတွက် ဟပ်စ်သေဆုံးခြင်း ၂

ဧကရာဇ်မင်း စီဂမ်မွန် (Sigismund) အချိန် သူ့လက်ထဲမှာ အရှုပ်အထွေးတစ်ခု ရှိနေခဲ့သည်။ တစ်ဦးကိုတစ်ဦး ကျိန်ဆဲနေသော ပုပ်ရဟန်းမင်း သုံးပါးတို့သည် အသင်းတော်ကို ကွဲစေခဲ့သည်။ ဟပ်စ် (Huss) သည် အခြားသူများနှင့်အတူ အသင်းတော်သည် ပြောင်းလဲစေမည့် မကောင်းဆိုးဝါးများ၊ ဘေးဥပဒ်များနှင့်ပြည့်နှက်နေသည်ဟု ပြောကြားခဲ့သည်။ စီဂမ်မွန်က ဘာလုပ်ဆောင်ခဲ့သနည်း။ အသင်းတော်က ပြိုကွဲသွားလျှင် သူ့အင်ပါယာကိုထိန်းချုပ်မှု မရနိုင်မည်ကို သူစိုးရိမ်ခဲ့သည်။

နောက်ဆုံးတွင် စီဂမ်မွန်သည် အထွေထွေအသင်းတော်ကောင်စီကို ကွန်စတန် (Constance) မြို့၌ တွေ့ဆုံရန် တောင်းဆိုခဲ့သည်။ သူက



တစ်လ (သို့) နှစ်လအတွင်းတွင်၊ ဤအမှန်တရားပြဌာန်းချက် ၉၅ ခုသောစာရင်းကို ဥရောပတစ်ခွင်ပုံနှိပ်ဖြန့်ဝေခဲ့သည်။ သူနှင့်အတူ ထောင်ပေါင်းများစွာသောသူတို့သည် သဘောတူခဲ့ကြပြီး၊ ထောင်နှင့်ချီသောအခြားသူတို့က သဘောမတူခဲ့ကြပေ။ သို့သော် လူတိုင်းက ပုပ်ရဟန်းမင်းကြီးကို မှားသည်ဟုပြောမည့် ဘုန်းတော်ကြီးသည် မည်သို့ဖြစ်သွားမည်ကို စောင့်ကြည့်နေကြသည်။ သူသည် သတ္တိရှိသော ဘုန်းတော်ကြီးလား။ သို့မဟုတ် မိုက်မဲသော သူလား။

**လက်တွေ့ကျင့်သုံးရန်။** ခရစ်ယာန်တစ်ယောက်သည် အဘယ်သို့ သတ္တိရှိသင့်သနည်း။ ရောမဩဝါဒစာ ၈း၃၁-၃၉၊ ဗျာဒိတ်ကျမ်း ၂း၁၀။

## သောကြာနေ့ | ရုပ်သိမ်းရန် ငြင်းဆန်ခြင်း ၆



၁၅၁၇ ခုနှစ်၌ လူးသာသည် သူ၏ စာတမ်း ၉၅ ချက်ကို အသင်းတော်ဘုရားကျောင်းတံခါး၌သံဖြင့်ရိုက်ပြီးနောက် တစ်နှစ်ခန့် အကြာတွင်၊ သူသည် ဩဂတ်စဘာ့ဂ် (Augsburg) ၌ သူ၏အမြင်များကို တာဝန်ယူရန်အတွက် ဖိတ်ခေါ်ခြင်းခံခဲ့သည်။ လူးသာသည် အထောက်အပံ့ဖြစ်စေရန် သမ္မာကျမ်းစာမှ သူ၏ယုံကြည်ချက်များကို ပြင်ဆင်ခဲ့သည်။ ပုပ်ရဟန်းမင်းကိုယ်စားလှယ် Cardinal Cajetan သည် အသင်းတော်ဓလေ့ထုံးတမ်းများအပေါ် သူယုံကြည်သမျှအားလုံးကို အခြေခံခဲ့သည်။

ကျမ်းစာ၏အရေးအသားများသည် အရေးမကြီးဟု သမ္မာကျမ်းစာကို ပယ်ချခဲ့သော Cardinal ၏အသံကို နားထောင်ပြီးနောက်၊ Cardinal သည် အသင်းတော်ဓလေ့ထုံးတမ်းများကို သူ၏ကိုယ်ပိုင်အချက်အလက်များအဖြစ်ယူပြီး သူတို့ကိုယ်သူတို့ အဘယ်မျှလောက်အထိ မျှော်လင့်ချက်ကင်းမဲ့စွာဆန့်ကျင်နေသည်ကို ပြသခြင်းကြောင့် ၎င်းတို့သည် လူးသာကို အံ့အားသွားခဲ့သည်။

Cardinal သည် မိမိကိုယ်ကိုချုပ်တည်း၍ မရခဲ့တော့ချေ။ “ပြန်ရုတ်သိမ်းပါ၊” “သို့မဟုတ်လျှင် ငါမင်းကို ရောမသို့ ပို့စေမည်” ဟု အော်ပြောခဲ့လေတော့သည်။ သူသည် လူးသာနှင့် ကူညီထောက်ခံသူများအားလုံးကို အသင်းတော်မှ ထုတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့လေသည်။ နောက်ဆုံးတော့၊ သူသည် "ရုတ်သိမ်းဖို့ရန် သို့မဟုတ် နောက်တဖန် မပြန်လာပါဖို့ရန်” အော်ဟစ်ခဲ့သည်။

Cardinal ကို အံ့အားသင့်စရာများစွာလုပ်ဆောင်ခဲ့ပြီး၊ လူးသာနှင့် သူ့အဖော်များသည် ထပြီး လမ်းလျှောက်ထွက်သွားကြခဲ့သည်။ Cardinal သည် ဘုန်းတော်ကြီးတွင် ဤကဲ့သို့အလွန်သတ္တိရှိမည်ဟု မျှော်လင့်မထားခဲ့ချေ။ လူးသာသည် (သူ၏သွန်သင်ချက်များကို ပြန်လည်ရုတ်သိမ်းရန်) ရုပ်သိမ်းရန် သူ (Cardinal) မျှော်လင့်ခဲ့သည်။ ယခုအချိန်၌ Cardinal သည် မည်သည့်အရာကို လုပ်နိုင်ခဲ့မည်နည်း။

လူးသာသည် John Huss (ဂျွန်ဟပ်စ်) အကြောင်းနှင့် Sigismund (စီဂမ်မွန်) ၏လုံခြုံမှုမရှိသော အမှုအကျင့်အကြောင်းများကို ကောင်းကောင်း သိခဲ့သည်။ သူသည် သူ၏စွပ်စွဲသူများတို့၏ကတိကို မယုံကြည်သောကြောင့် နောက်နေ့မနက်မတိုင်မီ၊ သူသည် လျှို့ဝှက်စွာထွက်ခွာခဲ့သည်။

ကျွန်ုပ်တို့သည် ရဲရင့်ခြင်းသတ္တိနှင့် ရောနှောပေါင်းစပ်ရန်လိုအပ်သည့်အကြောင်းကို သခင်ယေရှု မည်သို့ပြောဆိုခဲ့သနည်း။ ရှင်မဿဲခရစ်ဝင် ၁၀:၂၂၊ ၂၃။

ဤတစ်ကြိမ်တွင်၊ Saxony မင်းသား ဖရက်ဒရစ် (Frederick) က လူးသာကို ကာကွယ်ပေးခဲ့သည်။ လူးသာသည် အမှန်တရားကို သူတတ်နိုင်သလောက်မြန်မြန်ဆန်ဆန်ပျံ့နှံ့စေရန် စာအုပ်များနှင့်လက်ကမ်းစာစောင်များစွာကို ရေးခဲ့သည်။ ရောမအသင်းတော်ကို စိန်ခေါ်ခဲ့သူတစ်ဦးသည် အသက်ရှည်လျားစွာ မနေထိုင်ရကြောင်း သူသိနှင့်ပြီးသားဖြစ်သည်။

အထူးသဖြင့် လူးသာသည် မှန်ကန်သောကျောင်းအမျိုးအစားများလိုအပ်သည့်အကြောင်းနှင့်ပတ်သတ်၍ စိုးရိမ်ခဲ့သည်။ ကျောင်းသားအများစုသည် သူတို့ရရှိထားသောပညာရေးကို သူတပါးထံ ထင်ဟပ်စေလိမ့်မည်ကို သူသိခဲ့သည်။ သူကအကယ်၍ သူတို့သည် သမ္မာကျမ်းစာ၌ သစ္စာစောင့်သိ၍ သူတို့၏ကျောင်းသားများ၏စိတ်နှင့် နှလုံးသားများအပေါ် အမှန်တရားအား ဆက်လက် မထည့်သွင်းပေးလျှင်၊ “တက္ကသိုလ်များသည် ငရဲတံခါးကြီးများဖြစ်ကြောင်း သက်သေပြလိမ့်မည်ကို ကျွန်ုပ်အလွန်ကြောက်သည်” ဟု ရေးသားခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** ကျောင်းများသည် သမ္မာကျမ်းစာ၌ အမှန်တရားများကိုသွန်သင်ရန် မကြိုးစားသည့်အခါ ၎င်းသည် အမှန် တကယ်အန္တရာယ်ရှိနိုင်ပါသလား။ လောကီပညာအကြောင်းနှင့်ပတ်သတ်၍ ကောရိန္သုဩဝါဒစာ ပဌမစောင် ၃း၁၈-၂၀ က အဘယ်သို့ ပြောဆိုထားသနည်း။

### အပိုဆု အကြောင်းအရာ

“ဤအချိန်ကာလခန့်တွင် ပရော့ဂ် (Prague) သို့ အင်္ဂလန်ပြည်မှ ပညာတတ်သူစိမ်းနှစ်ယောက်ရောက်လာခဲ့၏။ သူတို့သည် အလင်းကိုရရှိပြီး၊ ဤအလင်းကို ဤဝေးလံသောတိုင်းပြည်များ၌ ပျံ့နှံ့လာဖို့ရန် ရောက်လာခဲ့ကြ၏။ ပုပ်ရဟန်းမင်းကြီး၏ အာဏာကို ပွင့်ပွင့်လင်းလင်းတိုက်ခိုက်မှုကနေ အစပြုပြီး၊ အာဏာပိုင်များက မကြာခင်တွင် နှုတ်ပိတ်သွားခဲ့ကြသည်။ သို့သော် သူတို့၏ရည်ရွယ်ချက်ကို မစွန့်လွှတ်လိုသောကြောင့် သူတို့သည် အခြားလုပ်ဆောင်မှုများကိုပြုလုပ်ခဲ့သည်။ သူတို့သည် အနုပညာရှင်များဖြစ်သည် သာမကတရားဟောဆရာများဖြစ်ကြပြီး၊ သူတို့၏တက်စွမ်းရည်များကို ဆက်လက်လေ့ကျင့်ခဲ့ကြသည်။ အများပြည်သူမြင်နိုင်ရန်အတွက် ပွင့်ပွင့်လင်းလင်းရှိသောနေရာတွင် သူတို့သည် ဓါတ်ပုံနှစ်ပုံဆွဲခဲ့သည်။ ပထမတစ်ပုံသည် ခရစ်တော်ယေရုရှလင်မြို့သို့ ဝင်ရောက်ခြင်းကို “နှိမ့်ချသိမ်မွေ့ခြင်းနှင့် မြည်းပေါ်မှာထိုင်ခြင်း” (ရှင်မဿဲခရစ်ဝင် ၂၁း၅) နှင့် အနောက်ကနေလိုက်လာသော ခရီးသွားအဝတ်အစားများဝတ်ဆင်ထား၍ ဖိနပ်မပါသော တပည့်တော်များ ပုံဖြစ်သည်။ အခြားပုံတွင် ပုပ်ရဟန်းမင်းကြီးသည် သူ၏ကြွယ်ဝသော ဝတ်စုံများနှင့် သုံးဆင့်ထပ်သရဖူကို ဝတ်ဆင်ထား၍ အလှဆင်ထားသောမြင်းပေါ်၌ စီးပြီး၊ တံပိုးခရာများက ရှေ့ကပြေး၍ တောက်ပသောအခင်းအကျင်းပေါ်တွင် Cardinalသည် ပုပ်ရဟန်းမင်းကြီး၏နောက်တော်သို့လိုက်သည့် ပုံဖြစ်သည်။

ဤအရာသည် လူအဆင့်အတန်းအားလုံး၏အာရုံကို ဖမ်းဆီးသည့်တရားဟောချက်တစ်ခု ဖြစ်ခဲ့သည်။ ပန်းချီကားများပေါ်တွင်ရှိသောအရာများကို ကြည့်ရှုရန် လူအုပ်ကရောက်လာခဲ့လေသည်။ အဘယ်သူမျှ သင်ခန်းစာကို ရရှိရန် မပျက်ကွက်နိုင်ခဲ့ကြချေ၊ များစွာသောသူတို့သည် အရှင်သခင်တည်းဟူသောခရစ်တော်၏နှုးညံ့သိမ်မွေ့ခြင်း၊ နှိမ့်ချခြင်းနှင့် အမည်ခံကျွန်တည်းဟူသော ပုပ်ရဟန်းမင်းကြီး၏မာနထောင်လွှားခြင်းအကြား ခြားနားချက်ကို လေးလေးနက်နက် တွေ့မြင်သဘောပေါက်ခဲ့ကြလေသည်။ ပရာ့ဂ်မြို့၌ အလွန်ရုတ်ရုတ်သဲသဲဖြစ်ခဲ့ပြီး၊ ဤအကြိမ်တွင်၊ ထိုသူစိမ်းများသည် သူတို့၏ဘေးကင်းရေးအတွက် ထိုမြို့မှ ထွက်သွားရန် လိုအပ်ကြောင်း တွေ့ရှိခဲ့ကြလေ၏။ သို့သော် သူတို့သင်ကြားပေးခဲ့သောသင်ခန်းစာသည် လူများအတွက် မမေ့နိုင်ပါ။ ဤပန်းချီကားချက်များက ဟပ်စ် (Huss) ၏စိတ်ကို အကြီးအကျယ်စွဲမှတ်စေခဲ့ပြီး၊ သမ္မာကျမ်းစာနှင့် ဝီကလစ် (Wycliffe) ၏စာပေများကို ပိုမိုလေ့လာခဲ့စေသည်။ ဝီကလစ်သည် သူထောက်ခံသည့်ပြုပြင်ပြောင်းလဲမှုများအားလုံးကို လက်ခံရန် ပြင်ဆင်ခြင်းမရှိသေးသော်လည်း၊ သူသည် ပုပ်ရဟန်းမင်း၏မှန်ကန်သောအကျင့်စရိုက်ကို ပိုမိုရှင်းလင်းစွာမြင်တွေ့ခဲ့ရပြီး၊ စိတ်အားထက်သန်စွာဖြင့်မာန်မာနကြွားဝါမှု၊ ရည်မှန်းချက်နှင့် အဆင့်ဆင့်အကျင့်ပျက်ခြစားမှုများကို ရှုတ်ချခဲ့သည်။”- မဟာတိုက်လှန်ပွဲကြီး၊ စာမျက်နှာ ၉၉၊ ၁၀၀။

© ၂၀၂၃ - My Bible First www.mybiblefirst.org sales@mybiblefirst.org

"ပုပ်ရဟန်းမင်းကြီး" သုံးပါးစလုံးနှင့် ဂျွန်ဟပ်စ် (John Huss) ကိုလည်း ဆင့်ခေါ်ခဲ့လေ၏။ ဟပ်စ်သည် သူ၏ရန်သူများနှင့်တွေ့ဆုံမည့် အစည်းအဝေး၌ အန္တရာယ်နှင့်ကြုံတွေ့ရမည်ဖြစ်ကတည်းကပင်၊ ဧကရာဇ်က သူ့ကို "ဘေးလွတ်ကင်းခွင့်" တည်းဟူသော ကာကွယ်စောင့်ရှောက်ခြင်း၏တရားဝင် ကတိကိုပေးခဲ့သည်။





ကောင်စီသည် ပုပ်ရဟန်းမင်းကြီးသုံးပါးစလုံးအား ပြစ်တင်ရှုတ်ချခဲ့ပြီးနောက် အသစ်တစ်ပါးကို ရွေးချယ်ခဲ့သည်။ ဂျွန်ဟတ်စ်အားလည်း ဖမ်းဆီးပြီး ထောင်ထဲထည့်လိုက်သည်။ စီဂမ်မွန်က ဟပ်စ်အား "ဘေးလွတ်ကင်းခွင့်" အားပေးခဲ့သည်ဟု ပြောကြားခဲ့သည်။ သို့သော် ခရစ်ယာန်ဘုန်းကြီးများနှင့် ဂိုဏ်းချုပ်ပုပ်ရဟန်းမင်းများကမူ ဟပ်စ်သည် အသင်းတော်၏ သွန်သင်ချက်များနှင့် မကိုက်ညီသောသူ၊ အယူမှားသူ ဖြစ်သည်ဟုပြောခဲ့သည်။ ထို့ကြောင့် သူ့အားပေးခဲ့သော ကတိများကို မစောင့်ထိန်းခဲ့တော့ချေ။

လပေါင်းများစွာ ဆိုးရွားစွာပြုမူဆက်ဆံခြင်းခံခဲ့ရပြီးနောက်၊ ဟပ်စ်ည် ကောင်စီရှေ့မှောက်သို့ ခေါ်ဆောင်ခံခဲ့ရသည်။ သူသည် ဧကရာဇ်အားကာကွယ်ရန်ကတိပေးခဲ့သည်ကို သတိပေးသောအခါ စီဂမ်မွန်သည် ဟပ်စ်အား အလွန်ဆိုးဆိုးရွားရွား ရှက်သွေးဖြာပြီး၊ ပရိသတ်အားလုံးသည် သူ၏အရှက်ကွဲခြင်းကို မြင်တွေ့နိုင်ခဲ့ကြသည်။ သို့သော် သူသည် မိမိစကားကို မတည်ခဲ့ချေ။ ဆာလံကျမ်း ၁၁၉း ၇၆-၇၈။

အဘယ်သို့ပင်ဖြစ်စေကာမူ၊ ဟပ်စ်၌ ကြည်လင်သော ကိုယ်ကိုကိုယ်သိသောစိတ်ရှိခဲ့သည်။



သူသည် လူများအား အမှန်တရားကိုသာ သွန်သင်ပေးခဲ့သည်။ ဘုန်းတော်ကြီးများသည် သူ့ကိုလှောင်ပြောင်ရန်နှင့် အရှက်ခွဲရန် အတတ်နိုင်ဆုံးလုပ်ဆောင်ခဲ့ကြပြီးနောက်၊ သူတို့သည် "သူ၏အသက်ကို မာရ်နတ်၌ အပ်နှံကြ၏။" ဟပ်စ်က "သခင်ယေရှု၊ ကျွန်ုပ်ကို ကယ်နုတ် တော်မူသောကြောင့် ကျွန်ုပ်လက်ကို အပ်နှံပါ၏" ဟု ပြောဆိုလေ၏။

၁၄၁၅ ခုနှစ်၌ ဟပ်စ်သည်ကြီးစွာသောဂုဏ်အသရေနှင့်အခမ်းအနားအားဖြင့် ချွန်ထက်သောတိုင်ပေါ်တွင် မီးရှို့ခံခဲ့ရသည်။ သူသည် ဓမ္မသီချင်းများကို သီဆိုရင်း သေဆုံးလေ၏။

**လက်တွေ့ကျင့်သုံးရန်။** သင်၏ကတိများကို ဖောက်ဖျက်ခြင်းသို့မဟုတ် ကြည်လင်သောဩတ္တပ္ပစိတ်ရှိခြင်းကိုပင် ပြုလုပ်လိုလျှင် သင်လုပ်ချင်ရာကိုလုပ်ရန် သင်၌မည်သည့်တန်ခိုးရှိရမည်နည်း။ ရှင်ပေတရုဩဝါဒစာ ပဌမစောင် ၄း၁၂-၁၆။

## အင်္ဂါနေ့ ။ ဘိုဟီးမီးယား ခရစ်ယာန်များ ၃

ဟပ်စ်ထောင်ချခံရသောအချိန် သူ၏မိတ်ဆွေကောင်း ဂျရုမ်း (Jerome) (ဗားလ်ဂိတ်ကျမ်းကို ဘာသာပြန်ခဲ့သော ဂျရုမ်း Jerome မဟုတ်) သည် သူ့ကိုကူညီရန် ကွန်စတန် (Constance) မြို့သို့ သွားခဲ့သည်။ သို့ပေမယ့် သူလုပ်နိုင်သည့်အရာ ဘာမှမရှိခဲ့ချေ၊ မကြာခင် သူသည်လည်း ထောင်ချခံခဲ့ရသည်။ ဟပ်စ်ကို ကွပ်မျက်ပြီးနောက်၊ သူ၏မိတ်ဆွေဂျရုမ်းသည် စိတ်ဆင်းရဲစရာကောင်းစွာ ထောင်ထဲ၌ နောက်ထပ်လပေါင်းများစွာ ထောင်ချခံခဲ့ရသည်။ အစားအစာအနည်းငယ်သာစားရပြီး အမြဲတမ်းအအေးနှင့် စိုစွတ်သောနေရာကြောင့် ဂျရုမ်းသည် စိတ်ဓာတ်ကျခဲ့သည်။ နောက်ဆုံး၌ သူသည် သူသွန်သင်ခဲ့သော "သန့်ရှင်းသောအမှန်တရားများ" မှလွဲ၍ ဟပ်စ်၏လုပ်ဆောင်မှုကို ရှုတ်ချသည့်ကြေညာချက်ကို လက်မှတ်ထိုးရန် ဆွဲဆောင်ခြင်းခံခဲ့ရလေသည်။ ဂျရုမ်းသည် သူ့မိတ်ဆွေ၏ သွန်သင်ချက်အားလုံးကို " သန့်ရှင်းသောအမှန်တရားများ" ဖြစ်သည်ဟု ယူမှတ်ခဲ့သည်။ အသင်းတော်ခေါင်းဆောင်များက လူတို့အား ဟပ်စ်ရေးသားခဲ့သော(သို့) ဟောကြားခဲ့သောအရာအားလုံးကို သူသည်ပြစ်တင်ရှုတ်ချသည်ဟု လူတို့အားယုံကြည်စေလိုကြောင်းကို မကြာမီ သူနားလည်သဘောပေါက်လာခဲ့သည်။

ဂျရုမ်းသည် သူက ယေရှုကိုအမှန်တကယ်ငြင်းပယ်ခဲ့သည်ကို နားလည်သဘောပေါက်လာသောအခါ၊ သူ့အတွက်သစ္စာရှိရှိ သက်သေခံဖို့ ဆုံးဖြတ်လိုက်သည်။ သူသည် ဤအရာကြောင့် မီးလျှံထဲ၌ အသတ်ခံရမည်ကို သိသော်ငြားလည်း၊ ယခင်ဝန်ခံချက်ကို ပြန်ရုပ်သိမ်းခဲ့ပြီး အမှန်တရားဘက်မှာ ရဲရင့်စွာရပ်တည်ခဲ့သည်။ သုတ္တံကျမ်း ၁၄း ၃၂။

သို့သော် ဤသူရဲကောင်းနှစ်ဦး၏ဩဇာလွှမ်းမိုးမှုသည် မသေဆုံးခဲ့ပါ။ သူတို့၏ရန်သူများသည် အာဇာနည်များ၏ဩဇာလွှမ်းမိုးမှုကိုသာ သိပြီး၊ သူတို့၏အသက်တာပုံသက်သေကြောင့် ထောင်ပေါင်းများစွာသောလူတို့သည် သခင်ယေရှုနောက်သို့လိုက်ရန် ယုံကြည်လက်ခံခဲ့ကြပါက၊ သူတို့က ဟပ်စ်နှင့် ဂျရုမ်းကို ဘယ်တော့မျှသတ်နိုင်လိမ့်မည် မဟုတ်တော့ချေ။

ဟပ်စ်နှင့် ဂျရုမ်းတို့၏အရေးအသားအားလုံးကို မီးရှို့ပစ်ရန် အမိန့်ပေးခဲ့သော်လည်း၊ ထောင်ပေါင်းများစွာသောသူတို့သည် မိတ္တူများကို ထပ်မံ၍ လေ့လာခဲ့ကြသည်။ နောက်ဆုံးတွင် ပုပ်ရဟန်းမင်းနှင့် စီဂမ်မွန်သည် သမ္မာကျမ်းစာအမှန်တရားပြန့်ပွားမှုကို တားဆီးရန် စစ်တပ်ကို စေလွှတ်ခဲ့သည်။

ဧကရာဇ်မင်း၏အရှက်ရခြင်းအရာမှာ သူတို့သည် ရဲစွမ်းသတ္တိရှိသောမျက်မမြင်ဗိုလ်ချုပ် ဇီစကာ (Ziska) အမည်ရှိသောသူဦးဆောင်သော အလွန်သေးငယ်သော ဘိုဟီးမီးယားစစ်တပ်အား ထပ်ခါထပ်ခါရှုံးနိမ့်ခဲ့သည်။ ဇီစကာ ကွယ်လွန်ပြီး နှစ်အနည်းငယ်အကြာတွင်၊ ပုပ်ရဟန်းမင်းကြီးက သူသည်ယခု ဟပ်စ်၏နောက်လိုက်များကို ဖျက်ဆီးနိုင်လိမ့်မည်ဟုယူဆကာ Crusade စစ်ပွဲ (ဘာသာရေးစစ်ပွဲ) တစ်ခုဆင်နွှဲရန် တောင်းဆိုခဲ့သည်။ ဥရောပတစ်ခွင်ရှိစစ်သားများအားလုံးသည် သူတို့၏ Crusade စစ်ပွဲတွင် ပူးပေါင်းပါဝင်လျှင်၊ ကောင်းကင်သို့ဝင်ခွင့်ရမည်ဟု ဘိုဟီးမီးယားနိုင်ငံငယ်လေးကို ချေမှုန်းရန် ကြီးမားသောစစ်တပ်များကို စည်းရုံးခဲ့သည်။

သို့သော် ၎င်းသည် ထိုသို့ မဟုတ်ပါ။ စစ်တပ်နှစ်ခုသည် မြစ် ၌ ထိပ်တိုက်တွေ့ဆုံသောအခါ၊ ပုပ်ရဟန်းမင်း၏စစ်တပ်သည် ဟပ်စ်၏လူများကို ငြိမ်သက်စွာငေးကြည့်နေခဲ့သည်။ ထို့နောက် သူတို့သည် အလွန်ကြောက်ရွံ့တုန်လှုပ်ခြင်းသို့ရောက်သဖြင့် သူတို့၏လက်နက်များနှင့် စည်းစိမ်ဥစ္စာများကို ဘေး၌ချထားပြီး ထွက်ပြေးခဲ့ကြလေ၏။ နှစ်အနည်းငယ်အကြာတွင်၊ ထပ်တူအဖြစ်အပျက် ထပ်မံဖြစ်ပွားခဲ့လေသည်။

**လက်တွေ့ကျင့်သုံးရန်။** ထိုကဲ့သို့သော အခြေအနေတစ်ခု၌ ဘုရားသခင်၏ကတိတော်များသည် ဘိုဟီးမီးယားလူတို့ကို အားပေးခဲ့သည်ဟု သင်ထင်ပါသလား။ ဆာလံကျမ်း ၃း၁-၆၊ ဆာလံကျမ်း ၅၃း၅။

## ဗုဒ္ဓဟူးနေ့ ။ သမ္မာကျမ်းစာကို မာတင်လူးသာ တွေ့ရှိခြင်း ၄

မာတင်လူးသာ (Martin Luther) ကို မမှတ်မိဘဲ ပရိုတက်စတင့်ပြုပြင်ပြောင်းလဲရေးကို မည်သူမျှမစဉ်းစားနိုင်ပါ။ သူသည် ဂျာမနီနိုင်ငံ ၏ ဇာတိဖြစ်သော ဆက်ဇွန် (Saxon) လူမျိုးများရှိသည့်နေရာတွင် ကျော်ကြားလာသောအခါ၊ သူသည် ကျန်ဥရောပသို့ "ဆက်ဇွန်ဟပ်စ် (Saxon Huss)" အဖြစ် လူသိများလာသည်။ သူသည် လူများအား ဂျွန်ဟပ်စ်ကဲ့သို့ သင်ကြားပေးခဲ့သည်၊ သို့သော် သူ၏လုပ်ဆောင်ချက်များသည် ပို၍ကြီးမားသောဩဇာသက်ရောက်ခြင်းရှိခဲ့လိမ့်မည်။

သူသည် ငယ်ရွယ်စဉ်ခါ၊ လုံ့လဝီရိယရှိသည့်ကောလိပ်ကျောင်းသားဖြစ်ချိန်မှစ၍ လူးသာ၏အကြောင်းကို ကျွန်ုပ်တို့အစပြုလေ့လာရပါမည်။ သူသည် ဘုရားဝတ်၌မွေ့လျော်သူဖြစ်သည်၊ သို့သော် မိသားစုသည် ဆင်းရဲသောကြောင့် မိဘများသည် တတ်နိုင်သော အကောင်းဆုံးပညာရေးကို သင်ကြားနိုင်အောင် ထောက်ပံ့ပေးခဲ့သည်။ တစ်နေ့တွင် တက္ကသိုလ်စာကြည့်တိုက်၌ ဗားလ်ဂိတ်ကျမ်း (လက်တင်ကျမ်းစာ) ကို သူတွေ့ရှိခဲ့သည်။ သူသည် သမ္မာကျမ်းစာကို အရင်က တစ်ခါမှမတွေ့ဖူးပေ။



သူသည် သမ္မာကျမ်းစာကို ဖတ်သောအခါ၊ ဘုရားသခင်သည် လူးသာ၏နှလုံးသားကို စကားပြောခဲ့လေ၏။ သူသည် အပြစ်သားဖြစ်ကြောင်းနှင့် ခွင့်လွှတ်ခြင်းလိုအပ်ကြောင်းကို သိနားလည်ခဲ့၏။ သို့သော် အဘယ်ကဲ့သို့ ခွင့်လွှတ်ခြင်းခံရမည်ကို သူမသိခဲ့ချေ။ သူ၏အပြစ်ကြောင့်စိတ်သောကရောက်ပြီး၊ ဘုန်းတော်ကြီးကျောင်းတစ်ခုသို့ ဝင်ရောက်ခဲ့၏။ သို့သော် သူသည် ထိုနေရာတွင် အကူအညီအနည်းငယ်သာ ရရှိခဲ့သည်။ ဘုန်းတော်ကြီးများက သခင်ယေရှုအကြောင်းပြောမည့်အစား၊ သူ၏အပြစ်များကို သူတို့ကဖယ်ရှားပစ်ရမည်ဟု ထင်မြင်ရန် တိုက်တွန်းအားပေးခဲ့ကြ၏။

လူးသာသည် အစာရှောင်၍ဆုတောင်းခဲ့၏၊ သူသည် နှင်တံဖြင့် မိမိကိုယ်ကိုရိုက်၏၊ ကြွေးကြော်ခဲ့၏၊ ထို့အပြင် သူသည် ဖယောင်းတိုင်များကို မီးရှို့ခဲ့သည်။ ဘုန်းတော်ကြီးများက သူ၏အပြစ်များအတွက် ပေးဆပ်ရမည့်အရာမှန်သမျှကို သူပြုလုပ်ခဲ့သည်။ သို့သော် သူသည် စိတ်ငြိမ်သက်ခြင်းကို ရှာမတွေ့ရသေးပါ။ သူသည်သာ ပိုပြီးအပြစ်ရှိသကဲ့သို့ ခံစားခဲ့ရလေ၏။

နောက်ဆုံး၊ မိတ်ဆွေတစ်ဦးက လူးသာအား ယေရှုခရစ်တော်အကြောင်းပြောပြပြီး၊ ခွင့်လွှတ်ခြင်းအတွက် ကိုယ်တော်ကို ယုံကြည်ကိုးစားရန် တိုက်တွန်းခဲ့သည်။ နောက်ဆုံးတွင် လူးသာသည် ငြိမ်သက်မှုအနည်းငယ်ရရှိခဲ့သည်။ သို့သော် သူ၏အတွေးအမြင်သည် ရှုပ်ထွေးနေဆဲဖြစ်ပြီး၊ သူ၏အပြစ်များအတွက် ယေရှုခရစ်ကိုယုံကြည်ခြင်းနှင့် မိမိ၏ကြိုးပမ်းမှုဖြင့် ပေးဆပ်ခြင်းအကြောင်းကို ရောနှောနေဆဲဖြစ်၏။

ရောမမြို့ကိုအလည်သွားစဉ်တွင်၊ သူသည် မိမိ၏အပြစ်များအတွက်ပေးဆပ်ရန်ကြိုးစားခြင်းသည် အသုံးမဝင်ကြောင်း သူမြင်တွေ့ခဲ့သည်။ တစ်နေ့တွင်၊ အသင်းတော်ဘုရားရှိကျောင်းဟုခေါ်သော "ပိလတ်မင်းလှေကားထစ်" ကို (ဒူးဖြင့်)တက်ခြင်းအားဖြင့် ဘုရားသခင်၏ မျက်နှာသာရရန် ကြိုးစားနေစဉ်၊ သူက "ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်" ဟုကျယ်လောင်သော အသံတစ်သံကို ရုတ်တရက်ကြားခဲ့ရသည်။ သူသည် ပျပ်ဝပ်ပြီး၊ ထိုနေရာမှ ထွက်သွားခဲ့လေသည်။

**လက်တွေ့ကျင့်သုံးရန်။** ဤအရေးကြီးသောကျမ်းချက်များသည် သင့်အတွက်ဘာကို ဆိုလိုထားသနည်း။ ရောမဩဝါဒစာ ၁း၁၆၊ ၁၇၊ ဧဖက်ဩဝါဒစာ ၂း၈၊ ၉။

## ကြာသပတေးနေ့ ။ အမှန်တရားပြဋ္ဌာန်းချက် ၉၅ ချက် ၅

လူးသာသည် ဂျာမနီနိုင်ငံသို့ ပြန်လာခဲ့သည်၊ သို့သော် ယခု သူသည် ကယ်တင်ခြင်းရရန်ကြိုးစားခြင်း၏မှားယွင်းချက်ကို ပိုမိုရှင်းလင်းစွာမြင်တွေ့ခဲ့သည်။ မည်သူမဆို အခမဲ့လက်ဆောင်တစ်ခုကို အဘယ်သို့ရရှိနိုင်မည်နည်း။

သူသည် ယခင်က သမ္မာကျမ်းစာကို ဤကဲ့သို့တစ်ခါမှမလေ့လာဖူးခဲ့ချေ၊ ဤလေ့လာခဲ့သောအချိန်တွင်၊ ယုံကြည်ခြင်း အကြောင်းနှင့်ပတ်သက်၍ အဘယ်မျှလောက်ပြောရမည့်အကြောင်းကို သူသိသောအခါ အံ့ဩသွားခဲ့သည်။ သူသည် ၎င်းကို အဘယ်ကဲ့သို့ လွဲချော်နိုင်ခဲ့သနည်း။ နောက်ဆုံးမှာ သူစိတ်ငြိမ်သက်သွားခဲ့သည်။ သူသည် တရားဟောပြောသည်နှင့်အမျှ၊ ယေရှုအားယုံကြည်ကိုးစားခြင်း၏ ချိုမြိန်သောအမှန်တရားကို နားလည်ဖို့လွယ်ကူစေရန် သူအကောင်းဆုံးကြိုးစားခဲ့သည်။

ထို့နောက်၊ သူ မယုံနိုင်လောက်အောင် တစ်စုံတစ်ခုဖြစ်ပျက်ခဲ့သည်။ သက်ဇယ် (Tetzel) အမည်ရှိ ဘုန်းတော်ကြီးတစ်ပါးသည် မြို့ကိုဖြတ်၍ ပစားပေးသောလက်မှတ်များ (indulgences) ကို ရောင်းချခဲ့သည်။



၎င်းက ပုပ်ရဟန်းမင်းကြီးသည် ရောမမြို့၌ အသင်းတော်အသစ် (ယခု စိန့်ပီတာအသင်းတော် "Saint Peter's Cathedral" ဟု သိကြရသည်) ကို တည်ဆောက်လိုသည်ဟု ထင်ရသည်။ ပုပ်ရဟန်းမင်းကြီးက သူသည် ယေရှုကိုကိုယ်စားပြုသည်ဟုဆိုသော်လည်း၊ သူသည် သခင်ယေရှုပြုသကဲ့သို့ နှိမ့်ချစွာနေထိုင်လိုခြင်း မရှိခဲ့ပါ။ သက်ဇယ် (Tetzel) ရောင်းချနေသည့် အလိုဆန္ဒလက်မှတ်များသည် ဆောက်လုပ်ရေးပရောဂျက်အတွက် ငွေစုဆောင်းဖို့ရန် ဖြစ်သည်။

ပစားပေးသောလက်မှတ်တစ်ခုသည် လွတ်ငြိမ်းချမ်းသာခွင့်တစ်ခုအတွက်ဖြစ်၏။ ဤကိစ္စရပ်တွင် ၎င်းသည် မည်သည့်အရာနှင့် မည်သည့်အရာအတွက်မဆို လွတ်ငြိမ်းချမ်းသာခွင့် ဖြစ်ခဲ့သည်။ သက်ဇယ် (Tetzel) ပြောခဲ့သည်မှာ လူတစ်ယောက်က ငွေအလုံအလောက်ပေးလျှင် သူကျူးလွန်ခဲ့သောအပြစ်များနှင့် အနာဂတ်မှာ ကျူးလွန်ချင်မည့်အပြစ်များအတွက်ပါ၊ မည်သည့်အပြစ်မဆို ခွင့်လွှတ်ခြင်းခံရလိမ့်မည်ဟု ပြောဆိုခဲ့သည်။

လူးသာသည် တိတ်ဆိတ်စွာမနေနိုင်တော့ပါ။ သူက "တစ်ယောက်ယောက်သည် ခွင့်လွှတ်ခြင်းဆုကျေးဇူးကို အဘယ်သို့ ဝယ်ယူနိုင်သနည်း" ဟု သူမေးခဲ့သည်။ ပုပ်ရဟန်းမင်းကြီးက သခင်ယေရှုပေးလိုက်သောတစ်စုံတစ်ခုကို အဘယ်သို့ရောင်းနိုင်သနည်း။ ဤအရာသည် အမှန်မဟုတ်တော့ပေ။ တမန်တော်ဝတ္ထု ၈း၁၈-၂၂။

လူးသာသည် ပညာရှင်တစ်ဦးဖြစ်သဖြင့်၊ ထို့ကြောင့် သူသည် ထိုအချိန်ကပညာရှင်များ လုပ်ဆောင်ခဲ့သောအရာများကို လုပ်ဆောင်သည်။ သူသည် အသင်းတော်ကိုသွားပြီး သူ့ကိုသဘောမတူသူများအတွက် ဖိတ်ကြားချက်နှင့်အတူ ပြဿနာများကို အပြန်အလှန်ဆွေးနွေးရန် ပစားပေးသောလက်မှတ်အကြောင်းနှင့်ပတ်သတ်၍ ချိတ်ဆွဲထားသောသူ၏ယုံကြည်ချက်များကို ထုတ်ဖော်ခဲ့သည်။ သူ မည်သည့်အရာ စတင်ခဲ့သလဲဟူသည်ကို သူမသိခဲ့ပေ။